ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

အမိန့်ကြော်ငြာစာအမှတ် ၉ / ၂၀၂၀

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်နေ့

(၂၀၂၀ ပြည့်နှစ် ဧပြီလ ၇ ရက်)

# ရင်းနှီးမြှုပ်နှံသူ၏ နစ်နာမှုဖြေရှင်းသည့်နည်းလမ်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၈၂ နှင့် ပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် စကားရပ်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများတွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နစ်နာမှုများ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုအကောင်အထည်ဖော်ခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်ခြင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူ၏ အငြင်းပွားဖွယ်ဖြစ်သည့် ကိစ္စရပ်များ၊ စိုးရိမ်ဖွယ်ရာကိစ္စရပ်များ၊ ကျေနပ်မှုမရှိသည့်ကိစ္စရပ်များကို ဆိုသည်။ အဆိုပါနစ်နာမှုများတွင် အောက်ပါကိစ္စရပ်များလည်း အပါအဝင်ဖြစ်သည် -

(၁) ဥပဒေအရ ရင်းနှီးမြှုပ်နှံသူသို့ ပေးအပ်ထားသည့် အာမခံချက်နှင့် အစိုးရ၏ တရားဝင်တာဝန်ရှိမှုများကို လိုက်နာဆောင်ရွက်မှုမရှိခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကို နှောင့်နှေးမှု သို့မဟုတ် အတားအဆီးဖြစ်စေသည့် ဆောင်ရွက်ချက်များ၊

(၃) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံသူ၏ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့်စပ်လျဉ်း၍ မမှန်ကန်သည့် ဆုံးဖြတ်ချက်ပြုလုပ်ခြင်း၊

(၄) သီးခြားဖြစ်သော လုပ်ထုံးလုပ်နည်းများကြောင့် အတားအဆီးများ ကြန့်ကြာမှုများ၊ အငြင်းပွားမှုများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ တင်းမာမှုကို ဖြစ်ပေါ်စေနိုင်သည့် ကွဲပြားခြားနားမှုများ၊ မဆုတ်သာမတိုးသာသော အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုရပ်တန့်သွား စေနိုင်သည့် အခြေအနေများ သို့မဟုတ် အလားတူအခက်အခဲများကို ဦးတည်သွားနိုင်သည့် အခြားသောအခက်အခဲများ၊

(၅) ရင်းနှီးမြှုပ်နှံသူ၏ ရင်းနှီးမြှုပ်နှံမှုတစ်ခုခုနှင့်စပ်လျဉ်း၍ အစိုးရက ဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ ဥပဒေအရ ရင်းနှီးမြှုပ်နှံသူကို အာမခံထားသည့်အချက်များနှင့် နိုင်ငံတော်က အတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာစာချုပ်ပါ တာဝန် ဝတ္တရားများကို ချိုးဖောက်သည်ဟု စွပ်စွဲခြင်းခံရသည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခု၏ ဆုံးဖြတ်ချက်ကြောင့် နစ်နာမှု၊

(၆) ခွင့်ပြုမိန့်၊ လိုင်စင်၊ မှတ်ပုံတင်ခြင်း သို့မဟုတ် အတည်ပြုချက် လျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက မှားယွင်းစွာ ငြင်းပယ်သည့်ကိစ္စရပ်များ၊

(၇) ဥပဒေအရ ရင်းနှီးမြှုပ်နှံသူသို့ ပေးအပ်ထားသည့် အခွင့်အရေး၊ အကာအကွယ် သို့မဟုတ် ခွင့်ပြုချက်ကို ချိုးဖောက်သည့်ကိစ္စရပ်များ။

(ခ) **ကော်မတီ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူ၏ နစ်နာမှုဖြေရှင်းရေး ကော်မတီကို ဆိုသည်။

(ဂ) **ရင်းနှီးမြှုပ်နှံသူ၏နစ်နာမှုဖြေရှင်းသည့်နည်းလမ်း** ဆိုသည်မှာ ဥပဒေပုဒ်မ ၈၂ အရ ရင်းနှီးမြှုပ်နှံသူနှင့်အစိုးရအကြား နစ်နာမှုများကို ဖြေရှင်းရန် ကော်မရှင်က ချမှတ်သည့် နစ်နာမှုဖြေရှင်းသည့်နည်းလမ်းကို ဆိုသည်။

(ဃ) **အတွင်းရေးမှူးရုံး** ဆိုသည်မှာ ကော်မတီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများကို အထောက်အကူပြုရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ သက်ဆိုင်ရာဌာနခွဲများမှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် ရုံးအဖွဲ့ကို ဆိုသည်။

(င) **လုပ်ထုံးလုပ်နည်း**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ လျှောက်ထားသူက တင်ပြလာသည့် နစ်နာမှုများကို ဖြေရှင်းရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းကိုဆိုသည်။

**အကျုံးဝင်မှုနယ်ပယ်**

၂။ (က) ရင်းနှီးမြှုပ်နှံသူ၏နစ်နာမှုဖြေရှင်းသည့်နည်းလမ်းတွင် ရင်းနှီးမြှုပ်နှံသူများ၏ နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ရန် စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များ ပါဝင်သည်။

(ခ) ရင်းနှီးမြှုပ်နှံသူ၏နစ်နာမှုဖြေရှင်းသည့်နည်းလမ်းသည် ရင်းနှီးမြှုပ်နှံသူများအကြား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများနှင့်လူမှုအဖွဲ့အစည်းများအကြား သို့မဟုတ် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အဦအသုံးပြုခွင့်မှတစ်ပါး အစိုးရ၏ပဋိညာဉ်စာချုပ်မှ ပေါ်ပေါက်လာသည့် ရင်းနှီးမြှုပ်နှံသူနှင့်အစိုးရအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ဖြေရှင်းရန်နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်ခြင်းမပြု။

**ကော်မတီဖွဲ့စည်းခြင်း**

၃။ ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) စီးပွားရေး၊ ဥပဒေ သို့မဟုတ် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ကျွမ်းကျင်သည့် ပြည်ထောင်စုဝန်ကြီးအဆင့်ရှိသည့် ကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဥက္ကဋ္ဌ တစ်ဦး၊

(ခ) စီးပွားရေး၊ ဥပဒေ သို့မဟုတ် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ကျွမ်းကျင်သည့် ပြည်ထောင်စုဝန်ကြီးအဆင့် သို့မဟုတ် ဒုတိယဝန်ကြီးအဆင့်ရှိသည့် ကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဒုတိယဥက္ကဋ္ဌတစ်ဦး၊

(ဂ) အဖွဲ့ဝင်များအဖြစ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်တို့တွင် ထင်ရှားသည့် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဖြစ်သော အတွင်းရေးမှူးတစ်ဦး။

၄။ ကော်မရှင်သည် ကော်မတီကို အပိုဒ် ၃ ပါ အချက်များနှင့်အညီ အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ၆ ဦးနှင့်အထက် "မ" ဂဏန်း အရေအတွက်ဖြင့် ဖွဲ့စည်း တည်ထောင်ရမည်။

၅။ ကော်မတီ၏လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် ကော်မရှင်သည် ဆက်စပ် ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့်နှင့်အထက်ရှိသည့် အဆင့်မြင့်အရာရှိများပါဝင်သည့် လုပ်ငန်းကော်မတီကိုဖွဲ့စည်းရမည်။ လုပ်ငန်းကော်မတီ သည် ကော်မတီ၏ လုပ်ငန်းများကို အထောက်အပံ့ပေးရမည်ဖြစ်ပြီး နစ်နာမှုများကို စိစစ် ဖြေရှင်းသည့်အချိန်၌ လိုအပ်သည့် ပညာရပ်ပိုင်းဆိုင်ရာတတ်ကျွမ်းမှုဖြင့် ကော်မတီကို ပံ့ပိုးမှု ပေးရမည်။

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု**

၆။ ကော်မတီ၏ နစ်နာမှုများကို ဖြေရှင်းသည့် လုပ်ငန်းစဉ်သည် နစ်နာမှုဆိုင်ရာ တင်ပြချက်ကို လက်ခံရရှိသည့်အချိန်မှစ၍ ကော်မတီ၏အကြံပြုချက်ကို သက်ဆိုင်ရာအဖွဲ့ အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးသည့်အချိန်အထိ ဖြစ်သည်။

၇။ ကော်မတီသည် ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရဌာနများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အခွင့်အာဏာရှိသူအကြား ဖြစ်ပေါ်နေသည့် နစ်နာမှုများနှင့်စပ်လျဉ်း၍ မြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိသော အကြံပြုချက်များ ပေးအပ်ရမည်။

၈။ ကော်မတီသည် နစ်နာမှုစိစစ်ချက်အပေါ်အခြေခံ၍ အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ပေးပို့ရမည်။

၉။ ကော်မတီသည် ရင်းနှီးမြှုပ်နှံသူက တင်ပြသည့် နစ်နာမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြနိုင်ရန် သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ အခွင့်အာဏာရှိသူများကို ဆင့်ခေါ်ရမည်။

၁၀။ ကော်မတီသည် မိမိ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်သည့် သို့မဟုတ် မစွမ်းဆောင်နိုင်သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ အခွင့်အာဏာရှိသူများအား သက်ဆိုင်ရာဥပဒေနှင့်အညီ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ကော်မရှင်၏အဆုံးအဖြတ်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

**ကော်မတီသို့တင်ပြခြင်း**

၁၁။ လျှောက်ထားသူသည် အောက်ပါသတ်မှတ်ချက်များနှင့်ညီညွတ်ရမည်-

(က) ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသည့် ရင်းနှီးမြှုပ်နှံသူဖြစ်ခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ စည်းကမ်းချက်များနှင့် ဥပဒေကို လိုက်နာဆောင်ရွက်သူဖြစ်ခြင်း၊

(ဂ) သဘောရိုးဖြင့် တင်ပြခြင်း။

၁၂။ ရင်းနှီးမြှုပ်နှံသူသည် နစ်နာမှုများဖြေရှင်းပေးရန် လျှောက်ထားရာတွင် ကော်မတီက ဆုံးရှုံးနိုင်ခြေကြီးမားသည်ဟု ယူဆသည့်ကိစ္စရပ် သို့မဟုတ် နစ်နာမှု၊ နစ်နာမှုများ ဖြစ်ပွားရသည့်အကြောင်းများ၊ ထုတ်ဖော်ချက်၊ ဖော်ပြချက်များ၊ ၎င်း၏ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးအတွက် အကြံပြုချက်များ သို့မဟုတ် အခြားဖြေရှင်းနိုင်သည့်နည်းလမ်းများကို ဖော်ပြ၍ သတ်မှတ်ထားသည့်ပုံစံဖြင့် ကော်မတီသို့ တင်ပြရမည်။

၁၃။ ကော်မတီသည် အပိုဒ် ၁၂ အရ နစ်နာမှုများဖြေရှင်းပေးရန် တင်ပြလာမှုအပေါ် တရားဝင်လက်ခံရရှိကြောင်းစာကို ထုတ်ပေးရမည်။

၁၄။ အတွင်းရေးမှူးသည် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိ စိစစ်ပြီး ကော်မတီသို့ တင်ပြရမည်။

၁၅။ ကော်မတီသည် တင်ပြလာသည့်နစ်နာမှုကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ဖြေရှင်းဆောင်ရွက်ရန် လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၁၆။ ကော်မတီသည် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုကိုဖြစ်စေ နိုင်ငံ၏ စီးပွားရေးတစ်ရပ်လုံးကိုဖြစ်စေ ကြီးမားသောဆုံးရှုံးနိုင်ခြေရှိသည်ဟု ယူဆရသည့်ကိစ္စရပ်များ သို့မဟုတ် နစ်နာမှုနှင့်ဆိုင်သည့် တင်ပြလာမှုများကို ဖြေရှင်းဆောင်ရွက်ရမည်။

၁၇။ အတွင်းရေးမှူးရုံးသည် လျှောက်ထားသူ၏ နစ်နာမှုဆိုင်ရာ တင်ပြချက်နှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများထံမှ လိုအပ်သည့် သတင်းအချက်အလက်များပေးအပ်ရန် တောင်းနိုင်သည်။

## နစ်နာမှုများဖြေရှင်းခြင်း

၁၈။ ကော်မတီဥက္ကဋ္ဌသည် နစ်နာမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအနက် ကော်မတီဝင်များအကြား ဖြန့်ဝေရမည့် သတင်းအချက်အလက်များကို ဆုံးဖြတ်ရမည်။ ကော်မတီဝင်များသည် အခြားသူများထံဖြန့်ဝေရန်မသင့်သည့် သတင်းအချက်အလက်များ သို့မဟုတ် လျှို့ဝှက်ထားရှိသင့်သည့် သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ အထူးဂရုပြု ဆောင်ရွက်ရမည်။

၁၉။ ကော်မတီသည် နစ်နာမှုကို ဖြေရှင်းရန်လက်ခံပါက နစ်နာမှုနှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအဖွဲ့အစည်းများအကြား အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းလမ်းများဖြစ်သည့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးခြင်းနည်းလမ်း၊ စေ့စပ်ညှိနှိုင်းခြင်းနည်းလမ်းနှင့် ဖြန်ဖြေခြင်းနည်းလမ်းတို့ကို အသုံးပြု၍ ဖြေရှင်းနိုင်သည်။

၂၀။ ကော်မတီ၏ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

၂၁။ ကော်မတီ၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အခွင့်အာဏာရှိသူများထံ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ကော်မတီက ထပ်မံအကြံပြုရမည်။ ယင်းအကြံပြုချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါက ကော်မတီသည် ကော်မရှင်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

**အစီရင်ခံစာတင်ပြခြင်းနှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်း**

၂၂။ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ကော်မရှင်သို့ နှစ်စဉ်အစီရင်ခံစာ တင်ပြရမည်။

၂၃။ ကော်မတီသည် ရင်းနှီးမြှုပ်နှံသူများက တင်ပြသည့်နစ်နာမှုများကို သိရှိနိုင်ရန်နှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် ကော်မတီ၏ သတင်းအချက်အလက်များ အား ဝက်ဘ်ဆိုဒ်တွင် ဖော်ပြနိုင်သည်။

**အထွေထွေ**

၂၄။ ကော်မရှင်သည် လျှောက်ထားသူမှ နစ်နာမှုကို တင်ပြခြင်း၊ နစ်နာမှုစိစစ်ခြင်း၊ လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ စုံစမ်းခြင်း၊ အကြောင်းကြားခြင်းအပါအဝင် နစ်နာမှုဖြေရှင်းသည့် နည်းလမ်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များပါဝင်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၅။ လျှောက်ထားသူသည် မိမိ၏ တင်ပြချက်ကို မည်သည့်အဆင့်တွင်မဆို ကော်မတီသို့ တင်ပြ၍ ရုပ်သိမ်းနိုင်သည်။

၂၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၁-၇-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၁/၂၀၁၇ အရ ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီကို ဤအမိန့်ကြော်ငြာစာဖြင့် ဖျက်သိမ်းလိုက်သည်။

(သောင်းထွန်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက - ၆ / ၁ / ၂၀၂၀ ( ၀၀၃၃ )

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြော်ငြာပေးပါရန်

ဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးခွဲများအားလုံး
ရုံးလက်ခံ/မျှောစာတွဲ

အမိန့်အရ

(သန့်စင်လွင်)
အတွင်းရေးမှူး